# အသင်းတော်နှင့် ဉာဏ်စဉ်တော် (၁၅၈၀–၁၈၀၀)

## ဂလီလီယို၏ အမှုရင်ဆိုင်ခန်း



**ရုံးတော်မြတ်ရှေ့မှောက်မှ ဂလီလီယို (၁၉ ရာစု ဂျိုးဇက် နီခိုးလီ၊ ရောဘတ် ဖလီယူရီ ၏ ပန်းချီမှ)**

ဂလီလီယို၏ အမှုကိစ္စသည်၊ သူ၏ ကိုပါးနစ်ကင် အာကာသရေးရာအား ထောက်ပံ့အားပေးမှုကြောင့် ရောမ ကာသိုလစ် အသင်းတော်နှင့် ပဋိပက္ခ ဖြစ်ခဲ့ရခြင်း ဖြစ်ပေသည်။ ၎င်းအား သမိုင်းတွင် ဘာသာရေးနှင့် သိပ္ပံ ရေးရ တို့ ဆက်စပ်လာသော ကာလဟု သတ်မှတ်လေ့ရှိပေသည်။

အေဒီ ၁၆၁၀ တွင် ဂလီလီယိုသည် သူ၏ ကြယ်တာရာ တမန်တော် Sidereus Nuncius စာအုပ်ကို ပုံနှိပ် ထုတ်ဝေခဲ့ပေသည်။ ၎င်းတွင် အံ့သြလောက်သော စူးစမ်းမှုဖြစ်သည့် သူပြုလုပ်သော အနုကြည့်မှန်ပြောင်း အသစ်ကို ဖော်ပြခဲ့ပေသည်။ ၎င်းနှင့်အခြားသော ရှာဖွေတွေ့ရှိချက်များက အာကာသရေးရာ ဆိုင်ရာ နားလည် နိုင်မှု ခက်ခဲနေခြင်းများကို ဖြေရှင်းရန် အထောက်အပံ့ ဖြစ်ခဲ့၍၊ ကော်ပင်နီးကပ်စ်၏ ဟီလီယိုစင်ထရစ် heliocentric သီအိုရီ ကဲ့သို့ အခြေခံ သင်ရိုးများပေါ်၌ စိတ်ဝင်စားမှု ပြန်လည် သစ်ဆန်းစေခဲ့သည်။

တန်ပြန် အရေးယူခြင်းအားဖြင့် များစွာသော ပညာရှင်များက ကမ္ဘာသည် လှုပ်ရှားသည်ဟု ဆိုခြင်း၊ နေသည် ဝင်ထွက်သွားလာခြင်း မရှိဘဲ ဗဟိုပြုရပ်နေသည်ဟု ဆိုခြင်းများသည် မိစ္ဆာ အယူဖြစ်သည်ဟု ဆက်လက် ကိုင်စွဲ ထားပေသည်။ ထိုခေတ်ကာလက သူတို့၏ အယူအဆတစ်ချို့သည် သမ္မာကျမ်းစာပါ ပေးထားချက်နှင့် ဝိရောဓိ ဖြစ်နေခြင်းများမှာ မိစ္ဆာအယူဟု နားလည်းထားကြပေသည်။ ဂလီလီယို၏ ဘက်တွင်မှု သီအိုရီဆိုင်ရာ၊ အာကာသ ဆိုင်ရာ၊ အတွေးအခေါ် ဆိုင်ရာ အငြင်းပွားဘွယ်ဖြစ်မှုများမှာ အထွဋ်အထိပ်သို့ရောက်လာ၍ နောက်ဆုံးတွင် သူ့အား အမှုတင်စစ်ဆေးလျှက် အေဒီ ၁၆၃၃ ခုနှစ်တွင် အယူပျက်မှုအတွက် ပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ်ကို ပေးခဲ့ပေသည်။ သို့သော် အမှတ်တကယ်တွင် သူခံရသော ထောင်ဒဏ်မှာ သူ့စာအုပ်တွင် ပုပ်ရဟန်းမင်းအား စော်ကားမှုကြောင့် ဖြစ်၍၊ ကော့ပါးနစ်ကင်သည် အာကာသနှင့် ပတ်သက်သော သိပ္ပံဆိုင်ရာ အထောက်အထား မှာ ပြည့်စုံလုံလောက်မှု မရှိခဲ့ချေ။ (သူ့သီအိုရီတွင် အာကာသရေးရာ အချက်အလက်များပါသော်လည်း၊ ထို အချက် အလက်များမှာ ကမ္ဘာ၏ ရွေ့လျှားနေမှုသည် အခြားသော ထောက်ပံ့မှုများ မရှိချေဟု ဖြစ်၍၊ စကြဝဠာ ဆိုင်ရာ ဆွဲအား သီအိုရီ အား ရှာဖွေမတွေ့မီသည် အထိသာ ပြည့်စုံခဲ့ပေသည်)။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com